# ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး

# ဗဟိုဌာနချုပ်

# ကော်သူးလေ

www.knuhq.org

နေ့ရက်။ ။ မေလ ၁၈ ရက်၊ ၂၀၁၉ ခုနှစ်။

## စတုတ္ထအကြိမ်မြောက် ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး (ပထမပိုင်း) အပြီး သတင်းထုတ်ပြန်ချက်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၏ စတုတ္ထအကြိမ်မြောက် ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး (ပထမပိုင်း) (4th NCA-S EAO Summit – 1st Session) ကို ၂၀၁၉ ခုနှစ်၊ မေလ(၁၄)ရက်နေ့မှ (၁၈)ရက်နေ့ အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးသို့ KNU ဥက္ကဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ဦးဆောင်သော အဖွဲ့ဝင် (၅)ဦး တို့ တက်ရောက် ခဲ့ကြပါသည်။

ထိပ်သီးအစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အနေဖြင့် ၂၀၂၀ မတိုင်မီ နှင့် အလွန်ကာလနိုင်ငံရေး ဆွေးနွေးပွဲများ တဆင့်ပြီး တဆင့် ဆက်လက်ပြုလုပ်နိုင်ရန် နှင့် NCA အကောင်အထည်ဖော်မှုကိုပိုမိုအားကောင်းစေခြင်းနှင့်အတူယုံကြည်မှုတည်ဆောက်ခြင်းမှတဆင့် ငြိမ်းချမ်းရေး ဖြစ်စဉ် ဆက်လက် အကောင်အထည်ဖော်နိုင်ရေးအတွက် KNU မှ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအကြား စုဖွဲ့မှုအသစ်တခုကို အဆိုပြု တင်သွင်းခဲ့ပါသည်။

အတူတကွ စုပေါင်းအစီအစဉ်များ ချမှတ်နိုင်ခြင်း၊ အပြုသဘောဆောင်သော သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ အကြေအလည်ညှိနှိုင်းတိုင်ပင်ခြင်းနှင့်၊ ဘုံဆိုင်ရာရည်မှန်းချက်နှင့် ပန်းတိုင်ချမှတ်နိုင်ရေးကို ရည်ရွယ်၍ လက်မှတ်ထိုးထားပြီးသော အဖွဲ့များနှင့် လက်မှတ်မထိုးရသေးသော အဖွဲ့များအားလုံး ပါဝင်နိုင်သော အခင်းအကျင်းဖြစ်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတိုင်ပင်ခံအစည်းအဝေး - Peace Process Consultative Meeting (PPCM) ကို ဖွဲ့စည်းရန်အတွက် KNU မှ အဆိုပြုခဲ့ပါသည်။

ထိပ်သီးညီလာခံမှ ချမှတ်သည့်လုပ်ငန်း (၂) ရပ်ဖြစ်သော ငြိမ်းချမ်းရေး ဖြစ်စဉ်အတွင်း ဖြစ်ပေါ်ခဲ့သော တစ်ဆို့မှုများကို ကျော်လွှားနိုင်ရေးဆိုင်ရာ ပြင်ဆင်ဆွေးနွေးရေးလုပ်ငန်းစဉ်နှင့် PPCM ကိုအကောင်အထည်ဖော်နိုင်ရေး နည်းလမ်း ရှာဖွေသည့်လုပ်ငန်းစဉ်များတွင် မိမိတို့အနေဖြင့် အတူတကွပါဝင်သွားမည်ဖြစ်ပါသည်။

စုဖွဲ့မှုအသစ်၏ အဓိကလုပ်ငန်းမှာ ၂၀၂၀ မတိုင်မှီနှင့် ၂၀၂၀ အလွန်ကာလများတွင် နိုင်ငံရေးဆွေးနွေးပွဲများကို အဆင့်လိုက် ဆက်လက်ကျင်းပနိုင်ရန်နှင့် ခိုင်မာတိကျသော ရလဒ်များရရှိရန် စိတ်အားထက်သန်သည့် အစု အဖွဲ့ များအားလုံး ပါဝင်သော လုပ်ငန်းစဉ်အတွက် အတူတကွ ပါဝင်နိုင်သည့် နည်းလမ်းရှာကြံခြင်းနှင့် ပါဝင် အကောင်အထည်ဖော်ခြင်းတို့အတွက်ဖြစ်ပါသည်။

ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံးသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိရန်အတွက် သန္နိဌာန်ချမှတ်ထားသလို NCA အကောင်အထည်ဖော်မှုလမ်းကြောင်းမှ နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို အခြေခံ ပြီး တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ထောက်ခံမှုဖြင့် တစိုက်မတ်မတ်ကြိုးစား ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

**ဆက်သွယ်ရန် -**

**၁။** ပဒိုစောကွယ်ထူးဝင်း (ဒုတိယဥက္ကဌ)
(+၆၆ ၈၁၈ ဝ၇၆ ၂၇၉၊ +၉၅ ၉၄ ၂၂၁၉ ၁၉၄၁)
kwehtoowin@gmail.com

**၂။** ပဒိုစောတာဒိုမူး (အထွေထွေ အတွင်းရေးမှူးချုပ်)
(+ ၆၆ ၆၄၆ ၄၅၉ ၁၁၃၊ +၉၅ ၉၇ ၉၅၈၈ ၇၀၈၅)
(Email:klomooo@yahoo.com)

Karen National Union
Supreme Headquarters
Kawthoolei
www.knuhq.org

18 May 2019

**Statement on the 4th NCA-S EAOs Summit (1st Session)**

The 4th NCA-S EAOs Summit (1st Session) of the Ethnic Armed Organisations who signed the Nationwide Ceasefire Agreement (NCA) was held on the 14-18 May 2019 in Chiang Mai, Thailand. The Karen National Union's (KNU) 5-members delegation led by its Chairman General Mutu Sae Poe attended the Summit.

At the Summit, the KNU proposed a new alliance structure among the EAOs with the specific intention to be able to continue holding political dialogues now and beyond 2020, to strengthen the NCA implementation efforts, and at the same time, to build trust so as to continue the peace process meaningfully.

In order to come together for coordination efforts, activities planning, constructive information sharing, and deliberations, and with the intention to create a space for the EAOs who are non-signatories to the NCA to come together for setting common goals among the EAOs, the KNU proposed a new strategic but loose gathering point – the Peace Process Consultative Meeting (PPCM).

The KNU will continue to work together with other EAOs for the implementation of the two main activities laid out at the Summit: to prepare for negotiations to overcome the current blockades in the peace process; and to identify ways for the EAOs to emerge the proposed PPCM.

Essential to the new setting is for the political dialogues to be take place before 2020 and beyond 2020. Also, the new setting calls for creating space for those who are committed to the meaningful process with the possibility to produce concrete outcomes to be able to come together and make collective decisions.

The KNU is determined to continue working diligently with the participation and collaboration of the broader public for sustainable peace, through political negotiations as agreed by the NCA.

To Contact:

1) P'doh Saw Kwe Htoo Win (Vice Chair)

+66 818 076 279
+95 94 2219 1941
kwehtoowin@gmail.com

2) P'doh Saw Tah Doh Moo (General Secretary)
+66 646 459 113
+95 97 9588 7085
klomooo@yahoo.com